# သခင့်စကား

ဝိညာဉ်ရေးဂျာနယ်

အမှတ်စဉ် (၄၇) ဇူလိုင်လ ၂၀၀၅ ခုနှစ်

စမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )


ပရောဖက်က မင်းကြီးသည် ငါပေးသော သတိစကားကို နားမထောင်
ဤအမှုကို ပြုမိသောကြောင့် ဘုရားသခင်သည် မင်းကြီးကို ဖျက်ဆီးမည်
ကြံတော်မူသည်ကို ငါသိမြင်သည် - - ၆ရာ ၂၅း၁၆(ခ)



## သက်သေခံချက်

ကောင်းမြတ် စုံလင်တော်မူသော အဖ ဘုရားရှင်၏ နာမတော်သည် ကမ္ဘာအဆက်ဆက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေသော်ဝ်။ အာမင်။ ကျွန်မသည် ဘုရားသခင်၏ ကျေးဇူးတော်သက်သက်ကြောင့် ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် စင်ကာပူနိုင်ငံသို့ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိခဲ့ပါသည်။ ကျွန်မ၏ စိုးရိမ်ကြောက်ရွံ့မှု များကို ဘုရားသခင့် လက်တော်ထဲ လုံးဝအပ်နှံပြီး ဘုရားကို နေ့စဉ် ခိုလှုံကိုးစား၍ လူမမာ အဖွားအား ကြည့်ရှုပြုစုသည့်အခါ ကျေးဇူးတော် သက်သက်ကြောင့် အရာအားလုံး အဆင်ပြေခဲ့ပါသည်။

ဘုရားသခင်၏ သနားခြင်းကရုဏာသည် ငယ်ရွယ်သော အချိန်မှစ၍ ယနေ့တိုင်အောင် ချီးမွမ်း၍ မကုန်နိုင်ခဲ့ပါ။ ကျွန်မ၏ စိတ်ထဲတွင် စင်ကာပူနိုင်ငံ၌ အလုပ်တဖက်နှင့် ကျောင်းတက်ပြီး စင်ကာပူနိုင်ငံ အသိအမှတ်ပြု သင်တန်းအောင်လက်မှတ် တစ်ခုကို ရယူချင်သောစိတ် ဖြစ်ခဲ့မိပါသည်။

အိမ်အလုပ် လုပ်၍ လူနာအား ၂၄နာရီ ပြုစုရသူတစ်ဦးအတွက် ကျောင်းတက်ခွင့် ရဖို့ မလွယ်ကူနိုင်ပါ။ ထိုသို့ မလွယ်ကူမှုကြားမှ ကျောင်းတက်ခွင့် ရဖို့ ဘုရားသခင်ထံ ကျွန်မ ဆုတောင်းခံခဲ့ပါသည်။ မြန်မာပြည်တွင် ရှိစဉ်က ကျွန်မအား ကျမ်းစာသင်ပေးသော ဆရာမနှင့် မိတ်ဆွေ မိသားစုများက ကျွန်မ အလုပ်တစ်ဘက်နှင့် ကျောင်းတက်ခွင့်ရဖို့ ဝိုင်းဝန်းဆုတောင်းပေးကြပါသည်။

အံ့သြဘွယ် ၊ တိုင်ပင်ဘက် ၊ တန်ခိုးကြီးသော ဘုရားသခင်သည် ကျွန်မ၏ ဆုတောင်းသံများကို နားညောင်း၍ အဖြေပေးခဲ့ပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဆရာမတစ်ဦး၏ ကူညီမှုဖြင့် စင်ကာပူနိုင်ငံရှိ အသင်းတော် တစ်ခုမှ ဖွင့်လှစ်သော **Skill Development Training Program** ၏ **Nursing Aid** သင်တန်းကို ဖိလစ်ပိုင် နိုင်ငံသားများကြားထဲတွင် မြန်မာလူမျိုးဖြစ်သည့် ကျွန်မ တက်ခွင့်ရသည့် အပြင် အလုပ်အားရက်တွင် တက်ရသည်ဖြစ်၍ အစစအရာရာ အဆင် ပြေပြီး အိမ်ရှင် လူနာမိသားစု၏ သဘောတူညီမှုကိုလည်း ရရှိခဲ့ပါသည်။

လူ့အနေနှင့် မမျှော်လင့်ရဲပါ။ သို့သော် ဘုရားသခင် လက်တော်ထဲ အပ်နှံခြင်းကြောင့် ငြိမ်သက်ခြင်း ခံစားရသည့် အပြင် သနားခြင်းကရုဏာလဲ ခံစားခဲ့ရပါသည်။ ဘုရားသခင်သည် ကျွန်မ လတ်တလောရင်ဆိုင်နေရသည့် အခက်အခဲ တစ်ခုတည်းကိုသာ ဖြေရှင်းပေးသည့် ဘုရားမဟုတ်ဘဲ နောင်တမလွန် ဘဝအတွက်လည်း စိတ်ချမှု အာမခံချက်ပေးသော ဘုရားဖြစ်သည်။

မိတ်ဆွေ ထိုဘုရားကို စမ်းသပ်လေ့လာနိုင်ပါသည်။ ထိုဘုရားသည် သင့်ကို ချစ်မြတ်နိုး၍ ဖန်ဆင်းခဲ့သော ဘုရား ဖြစ်ပါသည်။ ကျွန်မတို့၏ ကုသိုလ် ကောင်းမှု ၊ အကျင့်သီလ ၊ ဘာသာတရားများကြောင့် မဟုတ်ဘဲ အပြစ်များနှင့် မစုံလင်သော ကျွန်မတို့ တစ်ယောက်စီတိုင်းကို လက်ခံသော ဘုရားဖြစ်ပါသည်။

**ထိုဘုရားသည် သူ၏ တစ်ပါးတည်းသော သားတော် ယေရှုကို ကျွန်မတို့ အပြစ်ကိုယ်စား ကားတိုင်ပေါ်တွင် အသွေးသွန်း၍ အသေခံသည့်တိုင်အောင် ချစ်တော်မူသော ဘုရားဖြစ်ပါသည်။**

**ရှင်ယောဟန် ၃း၁၆**

**ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရ အသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်း သော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။**

ထို ဘုရားသခင်ကို မိတ်ဆွေ ယုံကြည်လက်ခံပါလျှင် သင့်အသက်တာ၏ ပြဿနာများကို ဖြေရှင်းပေးသည်သာမက နောင်တမလွန်အတွက်လဲ အာမခံ ချက်ပေးသော အရှင် ဖြစ်ပြီး ထာဝရကောင်းကင်ဘုံတွင် မိတ်ဆွေနှင့် ဘုရား ပြန်လည်ဆုံတွေ့နိုင်မည်ဖြစ်သည်။ ယခုအချိန်သည် မိတ်ဆွေအတွက် အရေး အကြီးဆုံး အချိန်ဖြစ်ပါသည်။ မနက်ဖြန်ကို မိတ်ဆွေ မပိုင်သလို သေခြင်းကိုလဲ မိတ်ဆွေ အစိုး မရနိုင်ပါ။ ယခုပင် သေချာစွာ စဉ်းစားဆုံးဖြတ်ပါရန် မေတ္တာဖြင့် တိုက်တွန်း သက်သေခံလိုက်ပါသည်။

ခရစ်တော်၏ မေတ္တာ၌ – **ရောဇေ**

ooooooooooooooooooooooooooooooooooooooooooo

## နောက်မကျသေးပါ



သိပ်မကြာသေးတဲ့ အချိန်တုံးက သတင်းစာထဲမှာ ဆောက်လုပ်ရေး လုပ်ငန်းက ဆေးသုတ်တဲ့ မြန်မာ အလုပ်သမား တယောက် မတော် တဆ ဖြစ်လို့ သေဆုံး သွားတဲ့ အကြောင်း ဖတ်လိုက်ရပါတယ်။

စင်ကာပူက စက်ရုံ၊ အလုပ်ရုံ၊ ဆောက်လုပ်ရေး နဲ့ သင်္ဘော ကျင်းတွေမှာ အလုပ်လုပ် နေတဲ့ (ကျွန်တော် အပါ အဝင်) အလုပ်သမား တိုင်းဟာ တင်းကြပ်တဲ့ **Safety Rules** တွေရှိ နေတဲ့ ကြားထဲက မတော် တဆ ဖြစ်မှုတွေကို မကြာ ခန ဆိုသလို ကြားနေ၊ မြင် တွေ့နေ ရပါတယ်။

– ဒါတင်မက ဆားစ်ရောဂါ၊ ကြက်ငှက် တုတ်ကွေးရောဂါ နဲ့ အကြမ်းဖက် တိုက်ခိုက် သူတွေရဲ့ အန္တရာယ်တွေ ဟာလဲ အချိန်မရွေး ကျရောက်နိုင်ပါသေးတယ်။

– အလုပ်တွေ များနေတယ်၊ အချိန်မရှိဘူး၊ အိုဗာတိုင် လုပ်နေရတယ်၊ မအားဘူး ဆိုတဲ့ ဆင်ခြေတွေနဲ့ ကျွန်တော် –

– အားလပ်ပြန်တော့လဲ စီးတီးဟော၊ စီးတီးပလာဇာ၊ လပ်ကီးပလာဇာ၊ မရီနာစကွဲယား နဲ့ အခန်းတွေထဲ အောင်းနေတတ်တဲ့ ကျွန်တော် –
– ကိုယ့်ဘာသာကိုယ်ပဲ ခရစ်ယာန်လို့ သိနေတဲ့ ကျွန်တော်၊
– ပြင်ဖို့ခက်နေတဲ့ ကျွန်တော်
– လောကလမ်းပေါ်မှာဘဲ လျှောက်နေတဲ့ ကျွန်တော်
– တနေ့နေ့မှာ အထက်ပါပုဂ္ဂိုလ်ဟာ ကျွန်တော် ဖြစ်နေခဲ့ရင် ဆိုတဲ့ အသိဝင်လာ တဲ့အချိန်မှာတော့ မဆက်တာကြာပြီဖြစ်တဲ့ အရေးပေါ် တယ်လီဖုန်းကို ဆက် လိုက်မိပါတော့တယ်။ ( ၉၉၉ မဟုတ်ပါ၊ ဘုရားသခင် ထံတွင်ဆုတောင်းခြင်းပါ။ )
" နောက်မကျသေးပါလား " ဆိုတဲ့ အဖြေကို ချက်ခြင်းရလိုက်ပါတယ်။ နောက်ဆိုရင် ကျွန်တော် အလုပ်ထဲမှာ၊ အိမ်မှာ၊ သူငယ်ချင်းတွေကြားမှာ၊ ဘုရားကျောင်းမှာ ခရစ်ယာန်တယောက်လို အသက်ရှင်တော့မယ်။
ဒီလိုဆိုရင် – – –
၁ ) နေ့စဉ် အသက်တာမှာ အသက်ရှင်တဲ့ဘုရားသခင်ဟာ ဘေးအန္တရာယ် အမျိုးမျိုးမှ ကွယ်ကာမယ်။
၂ ) ဆေးရုံ ရောက်နေရင်လဲ ကျွန်တော့်ကို ခင်ကြတဲ့ အဖသင်းအုပ်ဆရာ နဲ့ သူငယ်ချင်းတွေက အမြဲရောင် မေတ္တာနဲ့ လာရောက် မေတ္တာပြ ဆုတောင်း ပေးကြမယ်။
၃ ) သေသွားရင်တောင် မြေကြီးမှ လာသော ကျွန်တော့် ရဲ့ ခန္ဓာကိုယ် ကို ဆွေမျိုးမိတ်ဆွေ၊ အဖသင်းအုပ်ဆရာနဲ့ သူငယ်ချင်းတွေက သီချင်းဆို လျှက် မြေကြီးသို့ အပ်နှံ နေချိန်မှာ – – –
ကျွန်တော့် အသက်ဝိညာဉ် ဟာ ကောင်းကင်ဘုံကနေ (သခင်ယေရှု ရဲ့မှ ရွေးနုတ်လို့) ပြုံးပြီး ကြည့်နေမှာပါ။

**မွန်ကိုး**

ooooooooooooooooooooooooooooooooooooooooooooo

## ဖေဖော်ဝါရီခရီးရှည်



ခံစားချက်တွေ သိပ်သည်းလွန်းနေတော့ ဘဝ ဆိုတာကို ဘယ်လို အဓိပ္ပာယ် ဖွင့်ရမှန်းတောင် မသိတော့ဘူး အဖေရယ်။

ဘဝ ဆိုတာ မျှော်လင့်ချက် တစ်ခုလား။ ဘဝ ဆိုတာ ရုန်းကန်မှု လား။ ဘဝဆိုတာ ဘာမှန်းကို မသိတော့ စကားလုံး တွေဘဲလို့ သမီး ယူဆလိုက်တယ် အဖေ။

မွေးဖွားခြင်းနဲ့ အစပြုခဲ့တဲ့ ဘဝ တစ်ခုမှာ ရှင်သန်ခြင်း ခရီးစဉ် တစ်ခုက ဘယ်လောက်ထိ ရှည်မယ်ဆိုတာ သိခွင့် မရှိလေတော့၊ ဘာတွေကို မျှော်လင့်နေရမှန်း မတွေးတတ် အောင်ပါဘဲ။ မျက်ရည်တွေ စိုနေတဲ့ အဖေ့ မျက်ဝန်းတွေကို သမီး မမေ့နိုင်သေးပါဘူး။ အဆုံးသတ်သွားတဲ့ ခရီးတစ်ခုရဲ့ အစွန်းတစ်ဘက်မှာ ငြိမ်းချမ်းခြင်းတွေ အဖေ ပိုင်ဆိုင်နိုင်ပါစေ။

အချိန်တွေ နှောင်းခဲ့မှ အဖေဟာ တန်ဖိုး အနဂ္ဃ ထိုက်တန်မှန်း သိရလေတော့ ဆုံးရှုံးခဲ့ခြင်းအတွက် နှမြောတသ မဆုံး ဖြစ်ရလေပါဘဲ။ အရင် အချိန်က နားလည် မပေးတတ်ခဲ့တာတွေအတွက် အခုအချိန် ရင်ထဲ မှာ လောင်မြိုက်နေတဲ့ နောင်တမီးတွေနဲ့ သမီး ကျေနပ်စွာ ဒဏ်တပ်ခံပါမယ် အဖေ။

ဟိုး – အဝေးက မြူမှုန်တစ်စကို ရူးသွပ်စွာ ဖမ်းဆုပ် ထားချင် သလိုပေါ့။ သမီးလေ အဖေ့ပုံရိပ်တွေကို သိမ်းဆည်းထားချင်ပေမဲ့ မဖြစ်နိုင် တော့ဘူးလေ။ ပြန်မဆုံနိုင်တော့တဲ့ လမ်းတစ်ခုကို ခရီးနှင်သွားခဲ့တဲ့ ဖေဖော်ဝါရီ ခရီးသည် အဖေ ။


အလွမ်းငွေ့တွေ ရောယှက်နေမှာလား။ မသေချာတဲ့ မြူမှုန်တွ ကြားထဲကနေ သမီး ဆုတောင်းလိုက်ပါတယ်။ ခွင့်လွှတ်ပါ အဖေ။

**မိုင်ဧင်္ဂါ (လိ) ဧတ (မိ)**

( ထန်းပင်ကုန်း )
( ၁၆ – ၀၂ – ၂၀၀၄ တွင် ဘုန်းတော်ဝင်စားခဲ့သော အဖေ့အတွက် ... )

ooooooooooooooooooooooooooooooooooooooooooooo

## ဇီးသီးသည် မဂျိုင်း



"ဇီးသီးသည် မဂျိုင်း" အမေက ပေးသော ကျွန်မ၏ နာမည် ဖြစ်ပါသည်။ ဤနာမည်ရလာ ရခြင်းအကြောင်း ၃ ရပ်ရှိပါသည်။

**အဖြစ်အပျက် ၁**

"အားပါးပါး – အိမ်ပေါ်မှာ ကြက်ချေးတွေနဲ့ ညစ်ပတ်လိုက်တာ၊ ဘယ်သူမှ မကျုံးကြဘူးလားဟ၊ အိမ်ကလဲ အိမ်နဲ့ မတူတော့ဘူး၊ ညစ်ပတ် နေတာဘဲ" အိမ်ပေါ်ထပ်သို့ တက်ရန် လှေခါးထစ်အတိုင်း တက်လှမ်း လိုက်စဉ် မြင်လိုက်ရသော မြင်ကွင်းကြောင့် အိမ်သားများကို ပထမဦးဆုံး အကြိမ် ကျွန်မ အော်ငေါက်လိုက်ခြင်း ဖြစ်ပါသည်။ ကျွန်မ၏ အသံစာစာ ကြောင့် မောင်ငယ် ဖြစ်သူမှာ အမြန်ပြေးလာပြီး အညစ်အကြေး များအား သုတ်သင် ရှင်းလင်းလိုက်ပါသည်။ သက်ပြင်းတစ်ချက်အား ပြင်းထန်စွာ ကျွန်မ ချမည်အပြု အနီးတွင် ရှိသော အမေထံမှ အကြည့် နှင့်အတူ စကား လုံးများ ထွက်ပေါ်လာပါတော့သည်။ "အံ့သြလိုက်တာ၊ အခုမှ ကြီးကြီး ကျယ်ကျယ်၊ ဟိုတုန်းကများ ဒါတွေကို ကျုံးခိုင်းတာတောင် မကျုံးတဲ့အပြင် အဲ့ဒီရှေ့ တဲ့တဲ့ထိုင်ပြီး ထမင်းစားခဲ့တာအခုမှ အဆန်း လုပ်ရတယ်လို့ မပြောလိုက်ချင်ဘူး " မပြောလိုက်ချင်သော်လည်း ပထမဦးဆုံး အကြိမ် တုံ့ပြန်လိုက်သော အမေ့စကားများက မြှားတစ်စင်းနှယ် ကျွန်မ၏ ရင်ကို အပြေးလာမှန်ပါတော့သည်။

**အဖြစ်အပျက် ၂**

"အမယ်လေး ဟဲ့ – မောင်နဲ့မည်းမည်း နင်တို့မို့ နေနိုင်တယ်၊ ဖယောင်းတိုင်လေးလဲ ထွန်းကြပါအုံးလား၊ ခလုတ်တွေတိုက်ကုန်မှ ဒုက္ခ ရောက်ကုန်မယ်၊ ကြောက်စရာကြီးတော့ " ခရမ်းချဉ်သီးသာသာ ရှိသော လျှပ်စစ်မီးရောင်အောက်တွင် စိတ်မသာမယာ ဖြစ်နေရတာမို့ ဒုတိယ အကြိမ် ကျွန်မ ညည်းညူလိုက်ခြင်းဖြစ်ပါသည်။ အလိုက်တတ်သော မိခင်က ဖယောင်းတိုင်များကို ထွန်းလိုက်ပြီး မီးများနှင့်အပြိုင် အကြည့်များက ကျွန်မ ထံ ရောက်လာကာ နှုတ်က ကျွန်မကို ထိုးနှက်သော စကားများ ထွက်လာ ပါတော့သည်။ "ဟာ အံ့သြစရာဘဲ ညည်းက ငါ့သမီးမှ ဟုတ်သေးရဲ့လား၊

အရင်တုံးက ညဘက်ဆို ဗီဒီယို သွားခိုးကြည့်ပြီး ညအမှောင်ထဲ မြွေမကြောက်၊ ကင်းမကြောက် ခြံစည်းရိုး ခွေးတိုးပေါက်က အိမ်ပြန်လာတဲ့ သူကများ အရင်တုံးက ဘဝလေးကို မြင်ယောင်ကြည့် လိုက်စမ်း ပါအုံး လားဟယ်" ပြောပြောဆိုဆို မဲ့ပြုံးလေးနှင့် ကျွန်မကို မျက်စောင်းထိုး လိုက်တာမို့ အိမ်သားများလဲ ပွဲကျကာ တအုံးအုံး ဝိုင်းရယ် ကြပါတော့သည်။

## အဖြစ်အပျက် ၃

"ဟာ – တက်အုံး၊ တက်ချင်အုံး၊ မှတ်ပြီလား ဖုန်း – ဖြောင်း –" အိမ်သန့်ရှင်းရေး လုပ်နေစဉ် ရဲတင်းလှသော ကြွက်တစ်အုပ်မှ ဆန်အိတ်ကို ထိုးဆိတ် စားသောက်ကြသောကြောင့် တံမြက်စည်းနှင့် လိုက်ရိုက်ကာ တတိယအကြိမ် အဖြစ် ကျွန်မ ဝုန်းဒိုင်းကြဲပစ်လိုက်ခြင်း ဖြစ်သည်။ အမေက "ဇီးသီးသည် မဗျိုင်းရေ ၊ ဒီမှာ နင့်သူငယ်ချင်းတွေ လာလည်တယ်ဟေ့" ရုတ်တရက် အမေက ကျွန်မကို ခေါ်လိုက်သော နာမည်ကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားကြသော သူငယ်ချင်းများက ပြုံးစိစိနှင့် အိမ်တွင်းသို့ ဝင်လာကြသည်။

အမေက ဆက်၍ "တကတည်း – သူပြန်ရောက် ကတည်းက အချိုးတွေ ပြောင်းနေလိုက်တာကို အားလုံးသိအောင် ပြော ရအုံးမယ်။ ဟိုတုန်းကဆို အိမ်အလုပ် ကူလုပ်ပါဆို မျက်ရည်ကျ ရတာနဲ့ အမေ ချက်ပြီးသား အဆင်သင့်စား၊ ရပ်ကွက်ထဲက သာရေး နာရေးတွေမှာ ဘယ်သူမှ မဖိတ်လဲ ရောက်အောင် ရှားရိုးကိုးပေါက် သွားပြီး ဟိုစပ်စပ် ဒီစပ်စပ် လျှောက်ပါနေတာ ညအိပ်ယာဝင်ရင်လဲ ခြေမဆေးဘဲ အိပ်လို့ ခြေထောက် သဲဝဲစားခဲ့တဲ့သူကများ အခုတော့ အိမ်မှာ သဲတရှပ်ရှပ်နဲ့ ညစ်ပတ်တယ်လို့ အိမ်သားတွေကို ဆူပါလေရော၊ အရင်တုံးက အောက်ပြုတ်ကျတဲ့ အစာကို မလွှင့်ပစ်ဘဲ နှမြောလို့ ထမီနဲ့ သုတ်ပြီး ပြန်စားခဲ့တာ အခုတာ့ အိမ်ပေါ် ကြွက်တက်တာကို ညစ်ပတ်လို့ဆိုပြီး ကြွက်တွေကို လိုက်ရိုက်နေ တယ်၊ အဲဒီကြွက်တွေကဘဲ သူ့ကို ကျောင်းစရိတ်ရအောင်လုပ်ပေးခဲ့တာ သူမေ့သွားပြီလေ၊ အမေက အိမ်မှာ တနိုင်မွေးမြူရေး လုပ်နေတာကို သူက ကျန်းမာရေးနဲ့ မညီဘူး၊ ကြွက်သန်းတွေနဲ့ ညစ်ပတ်တယ်လို့ အပြစ်တင်ခဲ့ တယ်။ အရင်တုံးက ဝပ်နေတဲ့ ကြွက်မတောင် ချမ်းသာမပေးဘဲ အမွေး ဆွဲနှုတ်ပြီး နားပလီ ခဲ့သေးတာ။ အိမ်က အိမ်သာကိုလဲ ညစ်ပတ်လို့ မတက်ချင်ဘူးတဲ့၊ အရင်တုံးက အိမ်သာထဲ လူရှိနေရင် မအောင့်နိုင်ဘဲ ခြံထဲ ဝင်တိုး နေကျ၊ ဘုရင့်မိဖုရား သေတာတောင် သူ့ဘဝ သူ မမေ့ဘူး။ သူ့ကျမှ ဘဝက မေ့တတ်လိုက်တာ၊ နောက်ဆိုရင် ဘုရားကိုတောင် မေ့သွားမလား မသိဘူး။ အဲဒါကြောင့် သူ့ကို ဇီးသီးသည် မဗျိုင်းလို့ နာမည်ပေးထားတာ ကဲ ဟောဒီမှာ မဗျိုင်းနဲ့ စကားပြောရစ်ကြပေတော့။ "

စပျစ်သီး အခိုင်ကဲ့သို့သော စကားလုံးများကို အပြွတ်လိုက် ပြောပြီး ကျွန်မတို့ အနားက ထွက်ခွာသွားသော အမေ့ရဲ့ကျောပြင်ကို မဝံ့မရဲ လှမ်းကြည့်ရင်း စိုက်ကြည့်နေသော သူငယ်ချင်းများနှင့် ကျွန်မ ရင်ဆိုင် လိုက်ရပါတော့သည်။

ဒီည အိပ်မရပါ။ အမေ့အိမ်က ခင်းထားသော ဖျာကြမ်းပေါ်မှာ လူးလိမ့်နေရင်း အမေ့စကားများက နားထဲမှာ ပဲ့တင်ထပ်၍ နေပါသည်။ ခေတ်မှီ တိုးတက်ပြီး သန့်ရှင်းလှပသော နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင် ခဲ့သည်မှာ နှစ်အတော်ကြာသွားခဲ့သည်မို့ ကျွန်မ၏ အပြင်အဆင်လေးများ သာမက အမြင်အာရုံများပါ ပြောင်းလဲလာခဲ့ပါသည်။ ဒေါ်လာငွေရဖို့ရန် မလုပ်ချင်ဘဲ လုပ်ရသောအလုပ်များကိုလုပ်ရင်း တချိန်က အမေ့အိမ်လေး ထဲတွင် ဘာမှ မလုပ်ဘဲ ရေသာခို နေခဲ့ဖူးသော ဘဝကို ပြန်မြင်ယောင်မိ သလို အချည်အနှောင်မဲ့သော အမေ့အိမ်လေးကို ကျွန်မ မထီမဲ့မြင် လုပ်ခဲ့မိပါသည်။ ခွင့်ရက်ဖြင့် အိမ်သို့ပြန်လာသည့် ကျွန်မ ကသာ ပြောင်းလဲ ခဲ့သော်လည်း မပြောင်းလဲသော အမေ့အိမ်ကလေးက တိရိစ္ဆာန် စုံစုံညီညီဖြင့် ကျက်သရေဆောင်လျှက် ရှိနေဆဲပါ။


နိုင်ငံခြားရောက်မှ တဆင့်တိုးလာခြင်း မဟုတ်၊ အရင်အတိုင်းသာ သခင် ပြုနေသော ကျေးဇူးများကို အမှန်တကယ် မေ့လျော့နေသလား။ အမေ ပြောသော မိဖုရား သေတာ တင်မကပါ။ ဒါဝိဒ်၊ ယောသပ် တို့သည်လည်း မိမိတို့၏ မူလ ဘဝဟောင်းအား သတိရကာ ဘုရားသခင်ပြုသော ကျေးဇူးများကို ထပ်တလဲလဲ ရေတွက်ခဲ့ကြသည် မဟုတ်ပါလား။ မိမိကရော မည်သို့သော သူနည်း။ အသိတရားနှင့်အတူ ရှက်စိတ်များက နှိုးဆော်လိုက်သည်မို့ ဇီးသီးသည် မဗျိုင်းဟု အမေက ခေါ်ခဲ့သလို ဘုရားသခင်ကရော ဤသို့ခေါ်လေမလားဟု စိုးရိမ်မိသောကြောင့် ကောင်းကြီးမင်္ဂလာများကို လက်ချိုးရေတွက် ကျေးဇူးတော် ချီးမွမ်းရင်း အမေ့အိမ်လေး အတွင်းမှာ ညတစ်ညတာအား အတွေးများစွာဖြင့် ကျွန်မ ကျော်လွှန် ဖြတ်သန်း ခဲ့ရပါသည်။

**ဪ တကယ်တော့ –**
**အမြင်ရှုပ်တဲ့ ခြံပုတ်တဲထဲ**
**သခင်ပြုတဲ့ ကျေးဇူးတော်ကား**
**ပြည့်လျှက် လျှံလျက်၊ သိပ်နေလျှက်ပါ။**

ခရစ်တော်၏ နာမ၌ – **ဆုံးရင့်စီမီး** ( ခေတ္တ – ကမ္ဘာမြေ )
အခြေပြုကျမ်း – ဆာလံ ၁၀၃း ၂–၅ ၊ ၂ကော ၉း၁၅
ဝန်ခံချက် ။ ။ ကောင်းကင်ဘုံရောက် အမေ့အား သတိရ၍ ရေးသားပါသည်။

ooooooooooooooooooooooooooooooooooooooooooooooo

## ဘုရားသခင် ဖန်ဆင်း ထားသော အရာ



အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏။ ..............
ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုလည်း ဖန်ဆင်းတော်မူ၏။

လူမည်သည်ကား ဘုရားသခင် ဖန်ဆင်းထားသော အမြင့်မြတ်ဆုံးသော သတ္တဝါ၊ ဖန်ဆင်းထားသောအရာများတွင် တန်ဖိုးအရှိဆုံးသော ဘုရားသခင်၏ သားသမီးများ ဖြစ်သည်။

တခါတရံ ကျွန်ုပ်တို့ အချင်းချင်း (လူသား အချင်းချင်း) ကဲ့ရဲ့ ပြစ်တင်သော စကားများ ပြောတတ်ကြပါသည်။

"ဒီ မိန်းမက အသက်က ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ရုပ်က ရင့်လိုက်တာ၊ ဝတ်တာ စားတာကလည်း ဖိုသီဖတ်သီနဲ့၊ အကြည့်ရ ဆိုးလိုက်တာ။"

"ဒီလူက စိတ်ထား မကောင်းဘူး၊ စိတ်ပုပ်တယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊ သူ့အတွက်ပဲ ကြည့်တယ်။".... စသည်ဖြင့် ဝေဖန်ကဲ့ရဲ့ ပြစ်တင် ပြောဆိုတတ်ကြပါသည်။

– ထိုသို့ ကဲ့ရဲ့ပြောသောအခါ ကျွန်ုပ်တို့ မိမိကိုယ်ကို သတိထားမိကြပါ၏လော။

– ထိုသို့ ကဲ့ရဲ့ပြောဆိုခြင်းသည် လူကို ကဲ့ရဲ့ပြောဆို နေခြင်းလော ?

– ထိုလူကို ဖန်ဆင်းထားသော ဖန်ဆင်းရှင် ဘုရားသခင်ကို ကဲ့ရဲ့ပြောဆိုနေခြင်းလော။

စဉ်းစား ဆင်ခြင်ကြပါစို့။ ကျွန်ုပ်တို့အား ဘုရားသခင်က ဖန်ဆင်းထားပါသည်။ အရာအားလုံး၏ ဖန်ဆင်းရှင်သည် ဘုရားသခင်ဖြစ်သည်ဟု ယုံကြည်ပါလျှင် ....
ကျွန်ုပ်တို့ မည်သူ့ကို ကဲ့ရဲ့ပြောဆိုနေကြပါသနည်း။

လူကိုကဲ့ရဲ့ခြင်းသည်။ ဘုရားသခင်၏ ဖန်ဆင်းခြင်းမှာ မလှဘဲ ချို့ယွင်းချက်ရှိနေသည်ဟု ပြောနေခြင်း မည်သွားနိုင်ပါသည်။

ဥပမာအနေနှင့် ပြောရပါလျှင် .. ကိုယ် အမြတ်တနိုးနှင့် သေသေ ချာချာ ပြုလုပ်ထားခဲ့သော တစ်စုံတစ်ရာ၊ ကောင်းမွန်၍ အရသာရှိစွာ ချက်ထားသော ဟင်းတစ်ခွက်ကို သူတပါးက မကောင်းဘူး၊ မလှဘူးဟု ကဲ့ရဲ့ဝေဖန်ပြောဆိုမည်ဆိုပါက – မည်သို့ ခံစားရမည်နည်း? မိတ်ဆွေ။

ကိုယ့်ရင်ထဲက ဖြစ်သော ကိုယ့်သားသမီးကို တပါးသူတွေက မကောင်းပြော၍ ကဲ့ရဲ့ပြစ်တင်ဝေဖန်ပြောဆိုလာပါလျှင် မည်သို့ ခံစားရမည်နည်း။– – – မိတ်ဆွေ။

သို့အတွက်ကြောင့် ကျွန်ုပ်တို့ သူတပါးအား ကဲ့ရဲ့ပြစ်တင် ဝေဖန်ပြောဆိုတော့မည်ဆိုပါက အလျင်ဦးဆုံး ဖန်ဆင်းရှင် ဘုရား သခင်၏ လက်ရာတော် ဖြစ်ကြောင်း သတိရ အောက်မေ့ဆင်ခြင်ကြပါစို့။ ။

ခရစ်တော်မေတ္တာဖြင့်

**ဘူး .. ဘူး ( TGO )**

ooooooooooooooooooooooooooooooooooooooooooooo

## သို့ မေမေ – ၉

အမေ

သူဟာ ...
မိသား တစ်စု ကြောင့်လား ၊
အသိတရား တစ်ခု ကြောင့်လား ။
ဇနီး မယား အတွက်လား ၊
သမီး သား အတွက်လား ။
ချစ်သူ ပြုစု တာကြောင့်လား ၊
အပြစ်ယူ ဆူပူ တာကြောင့်လား ။
ကြီးပွားရေး တွက်လား ၊
စီးပွားရေး အတွက်လား ။
ဒီနိုင်ငံမှာ သူ အလုပ် လုပ်ခဲ့တယ်။
အမေ အခုတော့ –
ကံကြမ္မာက ညှဉ်းတာလား ၊
ဒဏ်ရာက ပြင်းတာလား ။
သူဟာ –
Wheel chair စီးကာ
အိမ်ပြန်သွားပြီ ။ ။

**( SAW A. THAW )**

ooooooooooooooooooooooooooooooooooooooooooooo

## ဒုတိယ "ဆောင်း"

နွေခေါင်ခေါင်
နေရောင် အောက်မှာ
နှင်းတွေ တထောင်းထောင်း မထပေမယ့် ၊
အဲဒီမှာ ဆောင်း ဆိုတာ ရှိတယ် ။

ဖေါ်မြူလာ အရ "ဆောင်း"
အေးမြခြင်း ဆိုတာ "ဆောင်း"
မြူနှင်းတွေ ဝေတာ "ဆောင်း"

ဒီမှာတော့ –
နှင်း မဝေ
မြူ မဆိုင်း
အပူလှိုင်းကို အံတု
နွေကို ရန်ပြု
ဘုရားပေးတဲ့ "ဆောင်း"
အိပ်မက်တွေတောင် ကောင်းနေလိုက်သေး။ ။

**J စိုး** ( ၁၄–၀၆–၀၅ )

ooooooooooooooooooooooooooooooooooo



## ထလော့လင်းလော့

ထလော့ လင်းလော့ တို့လူငယ်များ
အမျိုး၊ ဘာသာ ၊ သာသနာအတွက်
တို့လူငယ်များ လက်တွဲညီစေ ။
စာတန် ရန်စွယ် ရှောင်ဖယ်တိမ်းလို့
လဲနေသူတွေ ထူပေးမယ်။
အားငယ်သူတွေ အားပေးမယ်။
တည်ဆောက်စရာလေးတွေဖြစ်ဖို့ရယ်။
လဲစရာ လေးတွေ ပြုပြင်ကြမယ်။
တို့အားလုံးဟာ အတူတူပါဘဲ၊
PR , EP , WP မရှိဘူးကွယ်။
ကူညီယိုင်းပင်း တို့ချစ်ခြင်းတွေ
ရင်မှာ ကိုယ်စီထားရှိကြလို့
ပြည်မြန်မာကြီး ထွန်းလင်းမယ်။
အမှောင်ကိုခွင်း အလင်းပေးမဲ့
ယေရှုအကြောင်း ဝေငှဖို့ရယ်။
ကိုယ်စီကိုယ်စီ သတိပြုကွယ်။
အယူဝါဒ အစွဲတွေနဲ့
မူဝါဒ ကွဲနေတာတွေ ချန်ခဲ့ကြလို့
ကိုယ်တော်စေရာ သွားကြမယ်။
အို – ထလော့ လင်းလော့ တို့လူငယ်များ
ထလော့ လင်းလော့ ခရစ်တော်ရှင်တွက် ။



**နေးနေး (အင်းစိန် )**

## ရှာဖွေခန်း( ယော ၃း၁၆)

မေတ္တာကိုရှာ ဒီကမ္ဘာ
မိုးမြေအထိ ဒဏ်ချက်များလျှံ
ကားတိုင်မြင်မှ နားလည်ပါ၏ ။

**မင်းထွန်းသက်လွင်**

MIN AUNG THET LWIN
Blk 76A #30-02 Red Hill Road. S'PORE 151076